ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၆၅)

# မှတ်ဉာဏ်ကောင်းအောင် ကျင့်ဆောင်ခြင်း

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

# မှတ်တမ်း

သာသနာတော်နှစ် ၂၅၅၄ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်၊ တနင်္ဂနွေနေ့တွင် ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် မုံရွာမြို့၊ အောင်မင်္ဂလာရပ်၊ သုတာရာမလမ်း၊ ရပ်ထုဆရာကြီး ရှုမဝဦးသန်း+ဒေါ်စန်း အမှူးထား၍ အမှတ်(၁၂) အဆင့်မြင့်ဆက်သွယ်မှုတပ်ရင်း၊ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးခင်မောင်လွင်+ဒေါ်ခင်မမ၊ သား မောင်ဘုန်းကောင်းစံ၊ သမီး မအိမ့်ဖူးခင်၊ အရာရှိ အရာခံ အကြပ်စစ်သည် မိသားစုများ၏ ဓမ္မသဘင် အခမ်းအနားဝယ် ဟောကြားအပ်သော ''မှတ်ဉာဏ်ကောင်းအောင် ကျင့်ဆောင်ခြင်း'' တရားဒေသနာတော်။

* * *

## မှတ်ဉာဏ်ကောင်းအောင် ကျင့်ဆောင်ခြင်း

ဗုဒ္ဓမြတ်စွာ ဟောကြားထားခဲ့တဲ့ သုတ္တန်ဒေသနာ တော်တွေထဲမှာ မှတ်ဉာဏ်ကောင်းအောင် ဘယ်လို လုပ်ရမလဲဆိုတာ ဟောထားတာရှိတယ်။ လောကမှာ လောကီနည်းတွေနဲ့ မှတ်ဉာဏ်ကောင်းအောင် ဘယ်လို ကျင့်ရတယ်ဆိုတာလည်း ရှိတယ်ပေါ့။ မြတ်စွာဘုရား ဟောထားတဲ့ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်တဲ့ နည်းစနစ်ကတော့ လုံးဝမှားယွင်းမှုမရှိတဲ့အပြင် အခြေ အမြစ်ကစပြီး ဟောကြားထားတာဖြစ်လို့ ခိုင်မာတဲ့ နည်းစနစ်တစ်ခုဖြစ်တယ်။

လူတိုင်းလူတိုင်းဟာ လူ့ဘဝရောက်လာတဲ့အခါ အကုန်လုံး ပညာသင်ကြားကြရတာ ချည်းပဲ။ ငယ်စဉ် တောင်ကျေး ကလေးဘဝကစပြီး သင်လာတဲ့ ပညာ တွေ၊ မှတ်သားကြရတဲ့ အချက်အလက်တွေဟာ ရံဖန် ရံခါမှာ လွယ်လွယ်ကူကူနဲ့ မေ့လျော့ပြီးသွားတတ်ကြ တယ်။ ''အေး၊ ငါ မှတ်ဉာဏ်မကောင်းဘူး၊ မေ့လိုက် တာ'' နဲ့ လူကြီးတွေ ညည်းတာ ကြားဖူးကြလိမ့်မယ်။

အဲဒီ လို မှတ်ဉာဏ်မကောင်းတာ ဘာကြောင့် ဖြစ်ရသလဲ။ အကြောင်းရင်းကို စိစစ်ပြီး မြတ်စွာဘုရား က ဟောထားတာရှိတယ်။ ဒါဖြင့် မှတ်ဉာဏ် ကောင်း အောင် ဘယ်လို ကျင့်သုံးနေထိုင်ရသလဲ၊ ဘာလုပ်ရ သလဲဆိုတာ မြတ်စွာဘုရား ဟောထားတာရှိတယ်။

လောကလူတွေ ကိုယ့်နည်းကိုယ့်ဟန်နဲ့ မှတ်ဉာဏ် ကောင်းအောင် ကြိုးစားကြတယ်ပေါ့။ လူ့ဘဝရလာပြီ ဆိုရင် လူတွေဟာ ဘာနဲ့စ,ကြရတုန်းဆိုတော့

သင်ကြား မှုနဲ့ စ,ကြရတယ်။ ခုခေတ်ဆိုရင် ကလေးတွေ ငယ်ငယ် လေးကစပြီး ကျောင်းထားကြရတယ်။ အရင်က မူလတန်းကစပြီး ကျောင်းထားကြတယ်။ အခုတော့ မူလတန်းကမစဘူး၊ မူကြိုဆိုပြီးတော့ ပေါ်လာတယ် နော်။ လူ့ဘဝရောက်တာနဲ့တစ်ပြိုင်နက် သင်ယူမှုနဲ့ စတင်လာကြတယ်။

အဲဒီ လို သင်တဲ့အခါမှာ မှတ်ဉာဏ်ဟာ အင်မတန် အရေးကြီးတယ်။ မိဘများက သားသမီးတွေကို ဆုံးမ ကြတယ်၊ သင်ပေးကြတယ်လေ။ စာတစ်ခုတည်းကိုသာ သင်တာ မဟုတ်ဘူး၊ ဒီ့ပြင် လိမ္မာရေးခြားရှိမယ့် အချက်တွေကိုလည်း သင်တယ်၊ သင်ပြီးရင် မိဘများက ဘာ ပြောလည်းဆိုရင် ''အေး၊ မှတ်ထားနော်၊ စွဲစွဲမြဲမြဲ မှတ်ထား'' လို့ ပြောလေ့ရှိကြတယ်။

အဲဒီ လို စွဲစွဲမြဲမြဲ မှတ်ထားဖို့ တိုက်တွန်းရတာ ဘာကြောင့်လည်းဆိုရင် မှတ်ဉာဏ်ကောင်းတဲ့ ပုဂ္ဂိုလ် ဟာ လူ့ဘဝမှာ အသက်မွေးဝမ်းကြောင်းနဲ့ ပြည့်စုံပြီး အထက်တန်းရောက်နိုင်လို့ပဲ။ မိဘတိုင်းဟာ မိမိတို့ရဲ့ သားသမီးတွေကို အထက်တန်းရောက်စေချင်ကြတာ ချည်းပဲ၊ အောင်မြင်ကြီးပွားစေချင်ကြတာချည်းပဲ။ အဲဒါ ကြောင့် လူတိုင်းလူတိုင်းမှာ ''မှတ်ဉာဏ်ကောင်းအောင် ကျင့်ဆောင်ဖို့'' အင်မတန်မှ အရေးကြီးတယ်။

မြတ်စွာဘုရား ဟောကြားတဲ့ တရားဓမ္မတွေဟာ လောကုတ္တရာရေး သက်သက်တင်မဟုတ်ဘူး၊ လောက ကြီးပွားရေးတွေလည်းပါတယ်။ လောကုတ္တရာ ကြီးပွား ရေးဆိုတာ နည်းပါတယ်။ တကယ်စင်စစ် ပြောရမယ် ဆိုရင် ခုခေတ်လူတွေခေါ်နေတဲ့ 'လောကုတ္တရာ'ဆိုတာ လောကီပိုင်းကိုပဲ 'လောကုတ္တရာ' လို့ ခေါ်နေကြတာ။ တကယ် 'လောကုတ္တရာ'လို့ခေါ်တာက မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန် ကိုပဲ 'လောကုတ္တရာ'လို့ ခေါ်လို့ ရတယ်။ ကျန်တာတွေအကုန်လုံး 'လောကိယ'-လောက ထဲကဟာတွေချည်းပဲ။

အဲဒီ လောကကို အကျိုးပြုတဲ့ အရာတွေဟာ အဆင့်ဆင့်ရှိတယ်ပေါ့။ 'လောကိယ' ဆိုတဲ့ စကားလုံး ကို အကြောင်းပြုပြီး 'လောကီ'လို့ မြန်မာစကား

ခေါ်ထား တာပေ့ါ။ လောကီ လို့ဆိုတာ 'လောကကို အကျိုး ဖြစ်ထွန်းစေတဲ့ အချက်အလက်များ (ဝါ) လောကရဲ့ ကြီးပွားတိုးတက်မှု အကြောင်းတရားများ၊ လောကရဲ့ ကြီးပွားတိုးတက်မှုအတွက် ဆောင်ရွက်ချက်များ' လို့ ဒါတွေကို သိမ်းကြုံးပြီးတော့ ''လောကီ၊ လောကီ'' နဲ့ ပြောကြတာပေ့ါ။

သို့သော် တစ်ချို့က အဓိပ္ပာယ်တစ်မျိုးပေါက်သွား တယ်။ လောကီတို့ လောကုတ္တရာတို့ဆိုတာ မြန်မာ စကားထဲမှာလည်း သုံးကြတယ်။ အေး၊ လောက ကြီးပွားရေး လုပ်ဆောင်နေတာမှန်သမျှ လောကီတွေ ချည်းပဲ။ အဲဒီ လောကီကိစ္စတွေထဲမှာ မှတ်ဉာဏ် ကောင်းဖို့ဆိုတာ အင်မတန်မှ အရေးကြီးတယ်။ ဒါဖြင့် မှတ်ဉာဏ်မကောင်းတာ ဘာကြောင့် မှတ်ဉာဏ် မကောင်းတာလဲ။

မြတ်စွာဘုရား လက်ထက်တုန်းက ဗေဒကျမ်းတတ် ('ဗေဒ' ဆိုရင် မြန်မာလူမျိုးတွေက လမ်းဘေးမှာ ဆိုင်းဘုတ်ကလေး ထောင်ပြီးတော့ ဗေဒင်ဟောတဲ့ 'ဗေဒင်ဆရာ' ရဲ့ ဟောပြောပညာလို့ ဒီလိုအောက်မေ့ ကြမှာပေ့ါ။) 'ဗေဒကျမ်း' ဆိုတာ အိန္ဒိယနိုင်ငံမှာရှိတာ၊ ဗေဒကျမ်း သုံးကျမ်းရှိတယ်ပေ့ါ။ အဲဒီ (၃)ကျမ်းထဲမှာ နံပါတ်တစ်ကျမ်းကို 'ဣရု' ကျမ်းလို့ ခေါ်တယ်။ နံပါတ် (၂)က 'ယဇု'၊ နံပါတ်(၃)က 'သာမ'။ အဲဒီ ဗေဒကျမ်း ကြီးတွေ ထိုခေတ်ကာလတုန်းက မြှောညေ လို့ခေါ်တဲ့ ပုဏ္ဏားတွေက သင်ကြားကြတယ်၊ ပို့ချကြတယ်။ ကျန်တဲ့ ပုဂ္ဂိုလ်တွေက သင်လေ့မရှိကြဘူး။ မြှောညေ လူမျိုး တွေကသာလျှင် ဗေဒကျမ်းကိုသင်တယ်။

ဗေဒကျမ်းသင်ရင်း သူတို့ကျောင်းနေရတဲ့ အချိန် ဟာ (၄၈)နှစ်ကြာတယ်နော်။ ခုခေတ်မှာ ကျောင်းသား ဘဝ (၄၈)နှစ်သာ နေရမယ်ဆိုလို့ရှိရင် ဘာမှလုပ်ကိုင် စားသောက်စရာတောင် ရှိတော့မှာမဟုတ်ဘူး။ သူတို့ ခေတ်က (၄၈)နှစ်ထိအောင် ကျောင်းမှာ သင်ကြား ရတယ်တဲ့။ အေး၊ အဲဒီ ခေတ်ကတော့ ပညာလို့ သတ်မှတ်တာကတော့ ဗေဒကျမ်းကြီးတွေပဲ။ အဲဒီ ဗေဒ ကျမ်းကြီးတွေ တတ်တဲ့ပုဂ္ဂိုလ်မှ ပညာတတ်လို့သတ်မှတ် တာ။

ကျန်တဲ့ပညာရပ်တွေကော မရှိဘူးလားဆို ရှိပါ တယ်။ ထိုခေတ်

ထိုအခါကာလတုန်းက စစ်ရေးစစ်ရာ နဲ့ ပတ်သက်တဲ့ ပညာရပ်တွေလည်း ရှိတာပေ့ါ။ ရှေးတုန်းက စစ်တပ်ဖွဲ့စည်းပုံနဲ့ ဒီကနေ့ခေတ်စစ်တပ် ဖွဲ့စည်းပုံက အလွန်ကွာခြားသွားပြီ။ ခေတ်နဲ့အညီ ပြောင်းလဲသွားပြီ။ ခေတ်ပြောင်းတာနဲ့ ဒီစနစ်တွေလည်း ပြောင်းပြောင်းပြီးတော့သွားတယ်။

ရှေးတုန်းက စစ်တပ်ဖွဲ့တာ ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေသည်တပ် ဆိုပြီးတော့ အဲဒီ လိုဖွဲ့လေ့ ရှိတယ်။ ဆင်တပ်၊ မြင်းတပ်၊ ခြေသည်တပ် ဖွဲ့ပုံလည်း သူတို့မှာ နည်းစနစ်ရှိတယ်။ ဘယ်လောက်ဆိုရင် တပ်ရင်းတစ်ခုခေါ်တယ်၊ ဘယ်လောက်ဆိုရင် တပ်မ ကြီး ခေါ်တယ်ဆိုတဲ့ အခေါ်အဝေါ်တွေ သူတို့မှာ သတ်သတ်မှတ်မှတ် ရှိတယ်ပေ့ါနော်။ ရှေးကလည်း စစ်တပ်ရှိတာပဲ။

အဲဒီ မယ် အကြီးဆုံးတပ်လို့ ပြောရမှာကတော့ ဆင်တပ်ပါပဲပေ့ါ။ ဆင်တပ်ပြီးရင် မြင်းတပ်၊ မြင်းတပ် ပြီးရင် ရထားတပ်။ ရထား ဆိုတာကတော့ မြင်းလှည်း ကိုခေါ်တာ။ ဒီကနေ့ ရထား ဆိုတာ မီးရထားကိုခေါ် တာ။ ခေါ်ဝေါ်မှုတွေ ပြောင်းလဲသွားတယ်။ ခြေသည် တပ်ဆိုတာ ကုန်းကြောင်းသွားရတဲ့ စစ်တပ်။

ဆင်တပ်မှာ ဖွဲ့တဲ့အခါ လူဘယ်နှစ်ယောက် ပါရ မယ်၊ မြင်းတပ်ဆိုရင် လူဘယ်နှစ်ယောက် ပါရမယ်၊ ရထားတပ်ဆိုရင် လူဘယ်နှစ်ယောက် ပါရမယ်၊ ခြေသည်စစ်တပ်ဆိုရင် လူဘယ်နှစ်ယောက် ပါရမယ် ဆိုပြီး လူနဲ့ဖွဲ့စည်းထားတဲ့ အတိုင်းအတာတွေအလိုက် ရှိတယ်ပေ့ါ။ အဲဒီ လို စစ်ရေးစစ်ရာနဲ့ ပတ်သက်ပြီးတော့ ကျွမ်းကျွမ်းကျင်ကျင် ရှေးတုန်းကလည်းပဲ သင်ကြားရ တာပဲ။

ဘုန်းကြီးတို့ စာပေထဲမှာ မှတ်တမ်းတင်ထားတာ ရှိတယ်။ ဘဂ္ဂတိုင်းက ဗောဓိမင်းသား ဆိုတာ။ သူက ဆင်စီးသူရဲကောင်း တစ်ဦးပဲ။ ဆင်ကို ဘယ်လိုကိုင်တွယ် ရတယ်၊ ဘယ်လို ထိန်းကွတ်ရတယ်၊ အဲဒါကို သူ အင်မတန်မှ ကျွမ်းကျင်တယ်လို့ပြောတယ်။ စနစ်တကျ သင်ထားတော့ ဆင်ကို ပိုင်ပိုင်နိုင်နိုင် အသုံးချနိုင်တယ်။

မြန်မာရာဇဝင်ကိုကြည့်မယ် ဆိုလို့ရှိရင်လည်း ဆင် နဲ့ စစ်တိုက်ကြတာတွေ အများကြီးပဲ။ အင်းဝဒုတိယ မင်းခေါင် ဆိုလို့ရှိရင် မြင်းနဲ့ပတ်သက်လာလို့ရှိရင် အလွန် ကျွမ်းကျင်တယ်လို့ဆိုတယ်။ မြင်းစီးအတတ် ၁၂ မျိုး တတ်တယ်လို့ပြောတယ်။ အဲဒီ အင်းဝဒုတိယမင်းခေါင် ဟာ မြင်းစီးဘယ်လောက်ကျွမ်းကျင်သလဲဆိုရင် အရှိန် အဟုန်နဲ့ပြေးနေတဲ့၊ ကဆုန်ပေါက်ပြီးတော့ပြေးနေတဲ့ မြင်းကို နောက်ကပြေးလိုက်ပြီး တက်စီးနိုင်တယ်တဲ့။ ဒါလည်း သူ့ရဲ့စွမ်းရည်သတ္တိတစ်ခုပဲ။ အဲဒီ ပြေးနေတဲ့ မြင်းပေါ်မှာ မတ်တပ်ရပ်ပြီး စီးပြနိုင်တယ်။ အဲဒီ မြင်း ပြေးနေတုန်းပဲ မြင်းရဲ့ဗိုက်အောက်ကနေပတ်ပြီးတော့ ကျောပေါ်ပြန်တက်တာ သူ့ရဲ့စွမ်းရည်သတ္တိတစ်ခုပဲ။ ရာဇဝင်ဖတ်ကြည့်ရင် သိတာပေ့ါနော်။ ဒီလို စွမ်းရည် သတ္တိရှိအောင် လေ့ကျင့်တာ။ သူတို့လည်း သင်ကြား ရတာ ပဲ၊ မသင်ဘဲနဲ့ ဘယ်သူမှ ပညာမတတ်ဘူးပေ့ါ။

အဲဒီ တော့ ရှေးတုန်းက ပညာရပ်တွေဟာ စွမ်းရည် သတ္တိတွေ ထက်လာအောင် သင်ရတယ်။ အဲဒီ လိုပဲ ပညာသင်တယ်ဆိုတဲ့အခါမှာ ဘာက အရေးကြီးနေတာ တုန်းဆိုတော့ မှတ်မိဖို့က အရေးကြီးတယ်၊ မှတ်ဉာဏ် ကောင်းဖို့ အရေးကြီးတယ်။

*